**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၃၈ /၂၀၁၈

၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (Official Development Assistant Loan-ODA Loan) တို့ဖြင့် ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်များကို အပြည့်အဝခံစားခွင့်ရရှိနိုင်ရန်နှင့် အခွန်ကင်းလွတ်ခွင့်မရရှိနိုင်သည့် ကိစ္စရပ်များကိုလည်း ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများအားလုံးကို အောက်ပါအတိုင်း ဝင်ငွေခွန် သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) စီမံကိန်းလုပ်ငန်းတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှ အပဖြစ်သော ဝန်ထမ်းများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများ၏ ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ လိုအပ်သော ဆက်စပ်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊

(ဃ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများက ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်။

၃။ နိုင်ငံတော်က ရယူသည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာအဖြစ်

ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများ အားလုံးကို အောက်ပါအတိုင်း ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်သည် -

(က) နိုင်ငံတော်က ရယူသည့်ချေးငွေအတွက် အတိုးပေးငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ လိုအပ်သော ဆက်စပ်ပစ္စည်းများအပေါ် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၅၊ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများက ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်။

၄။ ဤအမိန့်ကြော်ငြာစာ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါပြဋ္ဌာန်းချက်အရ ထောက်ပံ့ငွေ (Grant Aid) ဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာအဖြစ်ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများ အနက် မြန်မာနိုင်ငံသားများမှအပဖြစ်သော ဝန်ထမ်းများသည် -

(က) ၎င်းတို့ရရှိသည့် လစာဝင်ငွေအပေါ်တွင် လစာဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပြီး ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ အရ ငွေထုတ်ပေးရန် တာဝန်ရှိသူကလည်း ၎င်းတို့၏ လစာဝင်ငွေအပေါ် ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန် တာဝန်မရှိစေရ။

(ခ) သို့ရာတွင် ထောက်ပံ့ငွေဖြင့် ဖော်ဆောင်သည့်စီမံကိန်းလုပ်ငန်းမှအပ အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရရှိသည့် လစာဝင်ငွေအပေါ်တွင် ဤအမိန့်ကြော်ငြာစာအရ လစာ ဝင်ငွေခွန်ကင်းလွတ်ခွင့်မရှိစေရ။

၅။ ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းအတွက် ကုန်စည် တင်သွင်းခြင်းမှအပ အခြားစီမံကိန်းများ၊ လုပ်ငန်းများဆောင်ရွက်ရန် ကုန်စည်များတင်သွင်းခြင်းအတွက် ဤအမိန့်ကြော်ငြာစာ အရ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည့်တာဝန်အား ကင်းလွတ်ခွင့်မရှိစေရ။

၆။ ဤအမိန့်ကြော်ငြာစာ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) နှင့် အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ)တို့အရ ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Laon) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသောကုမ္ပဏီများ၊အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ

ဝန်ဆောင်ခနှင့်အတူ ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် (Output Tax) အား ကောက်ခံပေးဆောင်ရန်တာဝန်မှ ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပြီး ဝန်ဆောင်မှု လက်ခံရရှိသူ အဖွဲ့အစည်းများအနေဖြင့်လည်း ဝန်ဆောင်ခနှင့်အတူ ပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန် (Input Tax) အား ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။

၇။ စီမံကိန်းလုပ်ငန်းအတွက် သဘောတူစာချုပ် တစ်ရပ်ရပ်ချုပ်ဆို၍ ပြည်တွင်း၌ ကုန်စည်ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။ သို့ရာတွင် ကုန်စည်များ၊ ကုန်ကြမ်းများကို ဈေးဝယ်သည့် (Shopping) သဘောကဲ့သို့ ဝယ်ယူခြင်း၊ ဝန်ထမ်းများက ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် နေထိုင်စားသောက်ခြင်း၊ လျှပ်စစ်ခ၊ မီတာခနှင့် ကုန်တိုက်များတွင် အသုံးအဆောင်များ၊ စားသောက်ကုန်များ ဝယ်ယူခြင်း၊ ဖုန်းပြောဆိုမှုများစသည့် ဝန်ဆောင်မှုများ ရယူခြင်းအတွက် ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကင်းလွတ်ခွင့် မရှိစေရ။

၈။ နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအနေဖြင့် အဆိုပါ စီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက် တောင်းခံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ သို့ရာတွင် နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ မဟုတ်ဘဲ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် စီမံကိန်းများ သို့မဟုတ် အဆိုပါ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကုမ္ပဏီများက ဆောင်ရွက်နေသည့် အစီအစဉ်များသည် ဤအမိန့်ကြော်ငြာစာနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ဆောင်ရွက်ခဲ့သည့် အခွန်ဆိုင်ရာကိစ္စရပ်များအပေါ် ဤအမိန့်ကြော်ငြာစာအရ နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်း မရှိစေရ။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ ( ၁၁၃၃ / ၂၀၁၈)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ မေ လ ၂၁ ရက်